# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

## (၂၀)ရက်မြောက်နေ့ အစီအစဉ်

## [ ၃-၅- ၂၀၁၆ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ပြောင်းလဲအစားထိုး ဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များ အစားထိုးဖွဲ့စည်းခြင်းနှင့် ကော်မတီ အဖွဲ့ဝင် ပြောင်းလဲထည့်သွင်းဖွဲ့စည်းခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ မိုင်းရယ်မြို့နေ ပြည်သူများ အတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေခြင်း နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရေလှောင်တမံတည်ဆောက်နိုင်ရေး အသေးစိတ်စူးစမ်းလေ့လာမှုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထိ (၃)နှစ်ခန့် ကြာမြင့်သော်လည်း ဘဏ္ဍာငွေ တင်ပြ တောင်းခံခြင်း ရှိ၊ မရှိ မသိရှိရသည့်အပြင် မြေပြင်တွင်လည်း

ဆောင်ရွက်မှု တစ်စုံတစ်ရာ မတွေ့ရှိရပါသဖြင့် မည်သို့ ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်းနှင့် ပြည်သူများ စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေမှုကို ပြေလည်စေရန် နိုင်ငံတော်အစိုးရက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ အိမ်မဲမြို့နယ် တူးမြောင်းဖြတ်ကူးတံတား စီမံကိန်းကြောင့် ထိခိုက်နစ်နာနိုင်သည့် အိမ်မဲပြည်သူများအတွက် ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေရန် မည်သို့ ဆောင်ရွက်ထားရှိကြောင်းကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်သီ၊ လွိုင်လင် မဲဆန္ဒနယ်၏ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ပန်မုန့်ကျေးရွာအုပ်စုမှ ဆဟောင်းကျေးရွာအုပ်စု၊ လွိုင်လောင်ရွာသို့ သွားသည့် လမ်းပေါ်ရှိ နမ့်စီးဟောင်း ရေချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် တံတားအမှတ်(၁) အလျား (၄၀)ပေ၊ အနံ (၁၅)ပေ၊ အမြင့်(၁၅)ပေရှိ သံကူကွန်ကရစ်တံတား တစ်စင်း အသစ်တည်ဆောက်ပေးရန်နှင့် တံတားအမှတ်(၂) အလျား (၃၀)ပေ၊ အနံ (၁၅)ပေ၊ အမြင့်(၁၅)ပေရှိ သံကူကွန်ကရစ်တံတား တစ်စင်း အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က "ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း" ကို တင်သွင်းခြင်း၊

၈။ "ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် "ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း" ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က “အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း” ကို တင်သွင်းခြင်း၊

၁၁။ “အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း” နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် “အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း” ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က “တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း” ကို တင်သွင်းခြင်း၊

၁၄။ “တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း” နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် “တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း” ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း၊

၁၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။